# ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လူထု၏အခန်းကဏ္ဍ အပိုင်း(၁၁)

## နအဖ ကျင့်သုံးမည့် သမတ ဦးဆောင်သည့် အုပ်ချုပ်ပုံစနစ်ကို လေ့လာသုံးသပ်ခြင်း

နအဖရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမူများမှာ သမတ အုပ်ချုပ်ပုံစနစ်ကို ကျင့်သုံးသွားမယ်လို့ အတိအလင်း ဖေါ်ပြထားပါတယ်။ ဒီတော့ ဒီစနစ်မှာ ဘယ်အပိုင်းက အားကောင်းတယ်၊ ဘယ်အပိုင်းက အားနည်းတယ်၊ ဒီစနစ်ဟာ ဘာကြောင့် မြန်မာနိုင်ငံနဲ့ သင့်တော်တယ်၊ မသင့်တော်ဘူးဆိုတာတွေကို သုံးသပ်ဘို့ လိုအပ်လာပါတော့တယ်။ သမတ အုပ်ချုပ်ပုံစနစ်ကို နားလည်နိုင်ဘို့ဆိုရင် ဝန်ကြီးချုပ်အုပ်ချုပ်ပုံစနစ်နဲ့ ယှဉ်တွဲလေ့လာဘို့ လိုပါလိမ့်မယ်။ ဘာကြောင့်လဲ ဆိုတော့ ဒီစနစ်နှစ်ခုကို ကမ္ဘာ့နိုင်ငံအများစုမှာ အဓိကကျင့်သုံးနေကြလို့ပါ။

ပထမဆုံးကမ္ဘာမှာ ကျင့်သုံးနေတဲ့ သမတ အုပ်ချုပ်ပုံစနစ် စစ်စစ်အကြောင်းကို တင်ပြပါမယ်။ သမတ အုပ်ချုပ်ပုံစနစ် (Presidential System) ဆိုတာ ပြည်လုံးကျွတ်ရွေးကောက်ပွဲကျင်းပပြီး လူထုကတိုက်ရိုက်ရွေးချယ်တင်မြှောက်လိုက်တဲ့ သမတက သူ့စိတ်ကြိုက်ခန့်အပ်ထားတဲ့ ဝန်ကြီးတွေနဲ့ ဖွဲ့စည်းထားတဲ့ အစိုးရအဖွဲ့နဲ့ တိုင်းပြည်ကို အဓိကအုပ်ချုပ်တဲ့ စနစ်ဖြစ်ပါတယ်။ သမတအုပ်ချုပ်ပုံစနစ်ကို ကျင့်သုံးတဲ့တိုင်းပြည်တွေမှာ နိုင်ငံဦးသျှောင်တာဝန်ယူသူနဲ့ လူထုကို အုပ်ချုပ်သူဟာ တဦးတည်းသာ ဖြစ်လေ့ရှိတယ်။
သမတ အုပ်ချုပ်ပုံ စစ်စစ် စနစ် မှာ အားကောင်းချက်တွေ ရှိပါတယ်။

(၁) ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနဲ့ တရားစီရင်ရေးအာဏာကို သီးခြားစီ ခွဲခြားကျင့်သုံးတဲ့အတွက် အပြန်အလှန် ထိမ်းကြောင်းကြပ်မတ်ခွင့်ရတယ်။
(၂) သမတလောင်းမည်သူမည်ဝါရယ်လို့ ကြေငြာပြီး ရွေးကောက်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ရတာမျိုးဖြစ်တာကြောင့် မည်သူဟာဖြင့် ဘယ်လိုအရည်အချင်းတွေနဲ့ ပြည့်စုံတယ်ဆိုတာကို လူထုက သိရှိစဉ်းစားခွင့်ရတယ်။ လူထုက သမတကို တိုက်ရိုက်ရွေးချယ်တင်မြှောက်ခွင့်ရတယ်။
(၃) တနိုင်ငံလုံးမှာရှိတဲ့ အရည်အချင်း နဲ့ ပြည့်စုံသူတွေအနက်က အတော်ဆုံးဆိုတဲ့ ပဂ္ဂိုလ်တွေကို သမတက စိတ်ကြိုက်ရွေးချယ်ပြီး ဝန်ကြီးများအဖြစ် ခန့် ထားခွင့်ရတယ်။ ဒါကြောင့် သမတ ဦးဆောင်တဲ့ အစိုးရအဖွဲ့ တွေဟာ အားကောင်းထက်မြက်လေ့ ရှိကြတယ်။

ဝန်ကြီးချုပ်အုပ်ချုပ်ပုံစနစ် (Parliamentary System) မှာ ဝန်ကြီးချုပ်ဟာ ပြည်လုံးကျွတ်ရွေးကောက်ပွဲ ကနေ လူထုရဲ့ ရွေးချယ်တင်မြှောက်ခြင်းခံရသူတဦးတော့ ဖြစ်တယ်။ ဒါပေမယ့် ဝန်ကြီးချုပ်အဖြစ်ကို လူထုက တိုက်ရိုက်ရွေးချယ်တင်မြှောက်ခြင်းခံရသူတော့မဟုတ်ပါ။ ပါလီမန်အမတ်အဖြစ် ပထမရွေးချယ်တင်မြှောက်ခြင်းခံရပြီး ပါလီမန်ထဲမှာ နေရာ အများစုရတဲ့ နိုင်ငံရေးပါတီရဲ့ ခေါင်းဆောင်ဖြစ်သူကို ဝန်ကြီးချုပ်အဖြစ်ထပ်ဆင့် တင်မြှောက်ကြရတာ ဖြစ်ပါတယ်။ ပါလီမန်ထဲမှာ နေရာအများစုရပေမယ့်လဲ အဲဒီနိုင်ငံရေးပါတီရဲ့ ခေါင်းဆောင်ဟာ ဝန်ကြီးချုပ်အဖြစ် အရွေးခံခြင်မှ ခံရတတ်ပါတယ်။ နိုင်ငံရေးအရ အားပြိုင်မှုတွေကို ညှိနှိုင်းမှုတွေနဲ့ ဖြတ်သန်းရတဲ့အခါ ပါလီမန်ထဲမှာ နေရာအများစု မရတဲ့ နိုင်ငံရေးပါတီငယ်တခုရဲ့ ခေါင်းဆောင်ဟာလည်း ဝန်ကြီးချုပ်ဖြစ်ခြင်ဖြစ်လာတတ်ပါတယ်။
ဝန်ကြီးချုပ်အုပ်ချုပ်ပုံစနစ်မှာ အားကောင်းချက်တွေ ရှိပါတယ်။

(၁) ဥပဒေပြုလွှတ်တော်ဖြစ်တဲ့ ပါလီမန်ထဲက အမတ်ဖြစ်သူတွေ အနက် အချို့ဟာ အစိုးရအဖွဲ့ဝင်များအဖြစ်တာဝန်ထမ်းဆောင်ရတာမျိုးဖြစ်တဲ့အတွက် အုပ်ချုပ်ရေးပိုင်းဆိုင်ရာမှာ အားနည်းချက်တွေ ရှိလာရင် ဥပဒေပြုလွှတ်တော်ကနေ ကြပ်မတ်ထိမ်းကြောင်းခွင့်ရတယ်။
(၂) ဝန်ကြီးချုပ်အုပ်ချုပ်ပုံစနစ် တနည်းအားဖြင့် ပါလီမန်စနစ်ကိုကျင့်သုံးတဲ့ တိုင်းပြည်တွေမှာ အချိုးကျကိုယ်စားပြု ရွေးချယ်တင်မြှောက်တဲ့စနစ် (Proportional Representation System) ကို ကျင့်သုံး

ခွင့်ရနိုင်တယ်။ အဲဒီစနစ်ကို ကျင့်သုံးတဲ့အခါမှာ အနိမ့်ဆုံးသတ်မှတ်တဲ့ ဆန္ဒမဲအရေအတွက်ရမယ်ဆိုရင် ရွေးကောက်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်တဲ့ နိုင်ငံရေးပါတီတိုင်းဟာ မိမိတို့ရရှိတဲ့ ဆန္ဒမဲအချိုးအစား အလိုက် ပါလီမန်ထဲမှာ ကိုယ်စားပြုခွင့်ရတယ်။ အဲဒီအခါမှာ မတူညီတဲ့ နိုင်ငံရေးအင်အားစုတွေရဲ့ နိုင်ငံရေး ပဋိပက္ခတွေကို ပါလီမန်ထဲမှာ ငြိမ်းချမ်းစွာ ဖြေရှင်းခွင့်ရတဲ့အတွက် တိုင်းပြည်တည်ငြိမ်မှုကို အထောက်အပံ့ဖြစ်စေပါတယ်။

(၃) နိုင်ငံရေးပါတီတွေ အချင်းချင်းကြားထဲမှာ သဘောတူညီမှုရနိုင်ပြီး အများစုကို စုစည်းဖေါ်ဆောင်နိုင်မယ် ဆိုရင် ဝန်ကြီးချုပ်နေရာကို ရနိုင်မယ့် စနစ်မျိုးဖြစ်တယ်။ ဒါကြောင့် နိုင်ငံရေးညှိနှိုင်းမှုကို အားဖြစ်စေတယ်။ တပါတီ၊ တဖွဲ့ထဲက နိုင်ငံရေးလက်ဝါးကြီးအုပ်မှုကို ဆန့်ကျင်တဲ့ စနစ်မျိုးဖြစ်ပါတယ်။

နအဖရဲ့ဖွဲ့စည်းပုံမူတွေအရ ဝန်ကြီးချုပ်စနစ်ကိုငြင်းပယ်လိုက်ပြီဖြစ်တာကြောင့် **“နိုင်ငံဥသျှောင်တာဝန်ယူသူနဲ့ တိုင်းပြည်အုပ်ချုပ်သူဟာ တဦးတည်းသာ ရှိနေတော့မှာဖြစ်ပါတယ်။ အုပ်ချုပ်ရေးပိုင်းဆိုင်ရာရဲ့ အားနည်းချက်တွေကို ဥပဒေပြုလွှတ်တော်က ထိမ်းကြောင်းနိုင်မယ့် အခြေအနေဆုံးရှုံးသွားပါပြီ။ နိုင်ငံရေး ပဋိပက္ခတွေကို ပါလီမန်ထဲမှာ ငြိမ်းချမ်းစွာ ဖြေရှင်းခွင့်ရနိုင်တဲ့ အခြေအနေမရှိတော့ဘူး။ နိုင်ငံရေးလက်ဝါးကြီးအုပ်မှုတွေ ဆက်လက်ပေါ်ပေါက်နေ လိမ့်မယ်။”** လို့ ပြောနိုင်ပါတယ်။

ကိုင်း ဒါဖြင့်ရင် ဝန်ကြီးချုပ်စနစ်ကို မစဉ်းစားတော့ဘူး ဆိုပါစို့။ သမတ စနစ်အခြေခံကနေ သုံးသပ်တင်ပြပါမယ်။ သမတ စနစ်စစ်စစ်ကို ကျင့်သုံးဦးတော့ မြန်မာနိုင်ငံလို တိုင်းရင်းသားလူမျိုးပေါင်းစုံနဲ့ဖွဲ့စည်းထားတဲ့ တိုင်းပြည်တွေအတွက် သမတ စနစ်ဟာ သင့်တော်ပါရဲ့လား။

မြန်မာနိုင်ငံမှာ လူဦးရေ အများဆုံးက ဗမာလူမျိုးတွေဖြစ်တယ်။ လူတကိုယ် ဆန္ဒမဲတမဲ ပေးတဲ့စနစ်ကို ကျင့်သုံးတဲ့ အခြေခံကနေရွေးချယ်တင်မြှောက်မယ်ဆိုရင် ဗမာထဲကသာ သမတ ဖြစ်နိုင်ခြေအများဆုံးရှိတာကြောင့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးရဘို့ မလွယ်ပါ။

တတိယ ကမ္ဘာ့နိုင်ငံတွေအနက် သုံးဆယ့်သုံးနိုင်ငံမှာ သမတ စနစ်ကိုကျင့်သုံးခဲ့တယ်။ အဲဒီ နိုင်ငံတွေအားလုံးနီးပါးမှာ ဝရုန်းသုန်းကားဖြစ်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါတယ်။ သမတ စနစ်ကို ကျင့်သုံးတဲ့ လက်တင်အမေရိက နိုင်ငံတွေမှာ အခုအချိန်အထိ ပြဿနာတွေ ရှင်းလို့မပြီးနိုင်သေးပါ။ လိုက်ဘေးရီးယား သမတ ဆိုရင် နိုင်ငံတကာ တရားရုံးမှာပါ အမှုရင်ဆိုင်နေရပါတယ်။

ပထမ (သို့မဟုတ်) ဒုတိယ ကမ္ဘာနိုင်ငံတွေအနက် တနိုင်ငံ ထဲမှာသာ သမတ စနစ်ကို အောင်မြင်စွာ ကျင့်သုံးနိုင်တယ်လို့ ပြောနိုင်ပါတယ်။ အဲဒါကတော့ အမေရိကန် ပြည်ထောင်စုပါ။ အမေရိကန်ပြည်ထောင်စုရဲ့ သမတ စနစ် အောင်မြင်ရတဲ့ အကြောင်းရင်းပေါင်းမြောက်မြားစွာရှိ ပါတယ်။ လူထု အများစုကြီးရဲ့နိုင်ငံရေးအသိ အဆင့်ရှိစွာ တည်ရှိနေတယ်။ လွတ်လပ်တဲ့ တရားစီရင်ရေးစနစ်ကို ထိထိရောက်ရောက်ဖေါ်ဆောင်ကျင့်သုံးနိုင်ပြီး ကြီးမားတဲ့ နိုင်ငံရေး ပြဿနာတွေ အတော်များများကို တရားစီရင် ရေးပိုင်းဆိုင်ရာကနေ ဖြေရှင်းကိုင်တွယ် ပေးနိုင်တာတွေ့ရတယ်။ သမတဦးဆောင်တဲ့ အုပ်ချုပ်ရေးအဖွဲ့ရဲ့ အာဏာကို ကြပ်မတ်ထိမ်းကျောင်းပေးနိုင်တဲ့ လူထုအသင်းအဖွဲ့တွေ၊ သတင်းဌာနတွေ၊ အသိပညာရှင်အတတ်ပညာရှင်တွေ၊ ထက်မြက်အားကောင်းစွာ တည်ရှိနေတယ်။ ဒီလို အခြေအနေမျိုးတွေ မြန်မာနိုင်ငံမှာ လုံးဝရှိမနေပါဘူး။ တင်းကြပ်တဲ့ ဗဟိုချုပ်ကိုင်မှုကို ကျင့်သုံးအုပ်ချုပ်မယ့် သမတ ကို ထိမ်းကျောင်း နိုင်မယ့် ဘာအခြေအနေမှ မြန်မာနိုင်ငံမှာ ရှိမနေဘူးဆိုတာ ပွင့်ပွင့်လင်းလင်း သုံးသပ်နိုင်ပါတယ်။

ဒါကြောင့် သမတ စစ်စစ်စနစ် ကျင့်သုံးမယ် ဆိုရင်တောင်မှ မြန်မာနိုင်ငံမှာ အောင်မြင်ဘို့မဖြစ်နိုင်ဘူး ဆိုတာရှင်းရှင်း မြင်ဘို့လိုပါတယ်။ နအဖက တီထွင်ထားတဲ့ သမတ စနစ်အတုကြီးဟာ ပိုလို့သာ မအောင်မြင်နိုင်ကြောင်း အောက်ပါအတိုင်း တင်ပြပါမယ်။

နအဖရဲ့ ဖွဲ့ စည်းပုံမူတွေမှာ တရားစီရင်ရေး လွတ်လပ်မှု အခြေခံတွေမပါရှိတဲ့အပြင်၊ တရားသူကြီးချုပ်တွေကို ခန့်ပိုင်၊ ဖြုတ်ပိုင်ခွင့် ရှိတဲ့အာဏာကို သမတထံမှာ အပ်နှင်းထားတဲ့အတွက်၊ တရားစီရင်ရေးဟာ အုပ်ချုပ်ရေးလက်အောက် ကိုရောက်သွားပါတော့တယ်။ ဒါကြောင့် သမတအုပ်ချုပ်ရေးစနစ်တွေမှာ ရလေ့ရှိတဲ့ အာဏာသုံးရပ်ကို ခွဲခြားကျင့် သုံးမှုအခြေခံ ပျောက်ကွယ်သွားပြီလို့ ပြော နိုင်ပါတယ်။ သမတအာဏာ အပေါ်အပြန်အလှန်ထိမ်းကြောင်းကြပ်မတ်ခွင့်ကို၊ အိပ်မက်မြှော်လင့်လို့ မရနိုင်တော့ပါ။

အမျိုးသားလွှတ်တော် အစုမှ တဦး၊ ပြည်သူ့ လွှတ်တော် အစုမှ တဦး၊ ကာကွယ်ရေးဦးစီးချုပ်က ရွေးချယ်စေလွှတ်တဲ့ တပ်မတော်သားကိုယ်စားလှယ်အစုမှ တဦး စုစုပေါင်းသုံးဦးက သမတလောင်းများအဖြစ် လွှတ်တော်မှာ အရွေးခံမယ်လို့ ဆိုထားတဲ့အတွက် သမတ စနစ်စစ်စစ်တွေမှာ ကျင့်သုံးတဲ့ လူထုရဲ့ တိုက်ရိုက်ရွေးချယ်ပိုင်ခွင့် အခြေခံ ပျောက်ဆုံးသွားပါတယ်။ သမတဟာ လူထုကိုတာဝန်ခံမှု ရှိနိုင်မှာ မဟုတ်တော့၊ လူထုရဲ့ ထိမ်းချုပ်မှုအောက်မှာ မရှိနိုင်တော့ပါ။ သမတ ရွေးကောက်ပွဲလုပ်တိုင်း စစ်ဗိုလ်တဦးဦးဟာ သမတ ဖြစ်နိုင်ခြေအမြဲတန်း ရှိနေပါတယ်။ ပိုပြီး ရှင်းအောင်ဆိုရရင် ဗိုလ်ချုပ်တဦးဦးသာ သမတ အမြဲတန်း ဖြစ်နေတော့မှာပါဘဲ။ ကာကွယ်ရေးဦးစီးချုပ်ဟာ ဒုသမတနဲ့ အဆင့်ခြင်း တူတယ်လို့ ဆိုပါတယ်။ လွှတ်တော်တွေထဲမှာလည်း လေးပုံတပုံဟာ စစ်ဗိုလ်တွေ ဖြစ်နေတော့မှာမို့ အစုအစည်းနဲ့ အခိုင်အမာ မဲ တွေ ရနေကြတော့မှာပါ။ ဒါကြောင့် သမတနဲ့ ဒုသမတတွေက အုပ်ချုပ်ရေးအာဏာကို ထင်သလိုကိုင်တွယ် သုံးစွဲနေကြတော့မယ့် အပေါ် လွှတ်တော်က လက်ပိုက်ကြည့်နေရုံသာ ရှိပါတော့တယ်။

ဘဏ္ဍာရေးကော်မရှင်ဥက္ကဌရဲ့ တာဝန်ကိုလည်း သမတကို လွှဲအပ်ထားတာကြောင့် သမတဟာ တိုင်းပြည်ဘဏ္ဍာငွေတွေကို ထင်သလို ချယ်လှယ်သုံးစွဲခွင့်ရသွားမှာ မုချဖြစ်ပါလိမ့်မယ်။ စစ်ဗိုလ်သမတက နိုင်ငံရေးအာဏာအလွဲသုံးစားလုပ်မှာတွေ၊ တိုင်းပြည် ဘဏ္ဍာငွေ အလွဲသုံးမယ့်ကိစ္စတွေကို ကြပ်မတ်ထိမ်းကျောင်းဘို ဘာယန္တယား တခုတလေမှ နအဖ ဖွဲ့စည်းပုံအခြေခံမူတွေမှာ ပါရှိတာ မတွေ့ရပါ။ ဒီမိုကရေစီနိုင်ငံတွေမှာ ကျင့်သုံးနေကြဖြစ်တဲ့ လူထုလွှမ်းမိုးမှု သဘောတရား (Civilian Supremacy) ကို မျက်ကွယ်ပြုပြီး စစ်ဗိုလ်လွှမ်းမိုးမှုသဘောတရား (Military Supremacy) ကိုသာ ဖွဲ့ စည်းပုံအခြေခံဥပဒေနဲ့ အညီဖေါ်ဆောင်တော့မှာ အသေအချာပါဘဲ။

မြန်မာနိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေသမိုင်းမှာ ဗဟိုချုပ်ကိုင်မှုကို အတင်းကြပ်ဆုံးကျင့်သုံးတော့မယ့် ဖွဲ့ စည်းပုံဖြစ်တာကြောင့် ပဋိပက္ခတွေသာ ပိုမိုသဲသန်ပြင်းထန်လာမှာ ဖြစ်တဲ့အကြောင်း တင်ပြရင်း နိဂုံးချုပ်ပါတယ်။